Vol.2 (1), January 2022



Sourcehttps://www.thestatesman.com/cities/bhubaneshwar/man-booked-remarks-mulayam-akhilesh-2-

# စိုက်ပျိုးရေး ဈေးကွက်သတင်းလွှာ

## (Agriculture Market Bulletin)

## Market Information System

*စိုက်ပျိုးရေးဦးစီးဌာန*

“တိကျမြန်ဆန် ဈေးကွက်သတင်းမှန်
တောင်သူများအတွက် ဖြန့်ဝေရန်
စိတ်ချအားထား ဈေးနှုန်းများ
တောင်သူများအား ဖြန့်ဝေသွား”

15th January, 2022

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(www.doa.gov.mm/mis/, doamisppme@gmail.com, + ၉၅ ၆၇ ၃၄၁၀၅၃၈)

## ပါဝင်သောအကြောင်းအရာများ

## စိုက်ပျိုးရေးဆိုင်ရာနိုင်ငံတကာသတင်းများ

❖ ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များ

- ➢ နံ့စားသီးနှံ
- ➢ ဆီထွက်သီးနှံ
- ➢ ပဲမျိုးစုံ
- ➢ စက်မှုကုန်ကြမ်းသီးနှံ
- ➢ စားဖိုဆောင်သီးနှံ
- ➢ မြန်မာ့ပဲမျိုးစုံတင်ပို့မှု
- ➢ အသား/ငါးနှင့်ဥအမျိုးမျိုး

❖ ပြည်တွင်းပြည်ပဈေးကွက်နှင့် လယ်ယာသတင်းအချက်အလက်များ

### ဈေးကွက်သတင်းအချက်အလက်များ

- ❖ စပါးဈေးနှုန်းများ ပြောင်းလဲမှုအနည်းငယ်သာရှိပြီး တည်ငြိမ်မှုရှိနေခြင်း
- ❖ နှမ်းနက်၊ မြေပဲနှင့် နေကြာဈေးနှုန်းများ တည်ငြိမ်လျက်ရှိခြင်း
- ❖ ပဲတီစိမ်းနှင့် မတ်ပဲဈေးနှုန်းများ အတက်အကျဖြစ်ပေါ်နေခြင်း
- ❖ ပဲစင်းငုံနှင့်ကုလားပဲဈေးနှုန်းများသိသာစွာ ပြောင်းလဲမှုမရှိခြင်း
- ❖ ဝါ(ချည်မျှင်ရှည်)၏ တစ်ပိဿာဈေးနှုန်း
- ❖ ချက်ကြံ့တစ်တန်ဈေးနှုန်း
- ❖ ရော်ဘာတစ်ပေါင်ဈေးနှုန်းဖြစ်ပေါ်မှုအခြေအနေ
- ❖ ကြက်သွန်နီနှင့် ကြက်သွန်ဖြူဈေးနှုန်း ကျဆင်းလျက်ရှိခြင်း
- ❖ ခရမ်းချဉ်နှင့် ငရုတ် အစို/အခြောက် ဈေးနှုန်းများ ကျဆင်းသွားခြင်း
- ❖ မြန်မာ့ပဲမျိုးစုံ တင်ပို့မှုအခြေအနေ
- ❖ မွေးမြူရေးဆိုင်ရာ အသားနှင့်ဥအမျိုးမျိုးနှင့် ငါး/ ပုဇွန်/ ဂဏန်းအမျိုးမျိုးတို့၏ ဈေးနှုန်းဖြစ်ပေါ်မှုအခြေအနေ

စာမျက်နှာ ၂ မှ ၄

### ပြည်တွင်းပြည်ပလယ်ယာသတင်းများ

- ❖ ရော်ဘာရောင်းလိုအား ပြတ်လပ်ခြင်းနှင့် တရုတ်နိုင်ငံ၏ဝယ်လိုအား တိုးတက်လာခြင်းသည် ကမ္ဘာ့ရော်ဘာဈေးနှုန်းများကို မြင့်တက်စေခြင်း
- ❖ မြန်မာနိုင်ငံသည် မူဆယ်နယ်စပ်မှတဆင့် တရုတ်နိုင်ငံသို့ နေ့စဉ်ဆန်အိတ်ပေါင်း(၁၀,၀၀၀)ခန့် တင်ပို့လျက်ရှိခြင်း
- ❖ ၂၀၂၁ခုနှစ်အတွင်း ကမ္ဘာ့ကော်ဖီဈေးကွက်အခြေအနေ
- ❖ ကမ္ဘာလုံးဆိုင်ရာ ဓာတ်မြေသြဇာကုန်ကျစရိတ်မြင့်မားမှုကြောင့် ၂၀၂၂ ခုနှစ်တွင် စိုက်ပျိုးသူများသည် ခက်ခဲသောရွေးချယ်မှုများနှင့် ရင်ဆိုင်ရမည်ဖြစ်ခြင်း
- ❖ မြန်မာနိုင်ငံသည် တရုတ်နိုင်ငံသို့ နှစ်စဉ် ပိုးချည်အိမ်တန်ချိန်(၃၀၀) တင်ပို့လျက်ရှိခြင်း
- ❖ အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံမှ ပဲအမျိုးအစား(၃)မျိုးအတွက် အခွန်ကင်းလွတ်ခွင့်နှင့်စပ်လျဉ်း၍ သွင်းကုန်မူဝါဒ သက်တမ်းတိုးခြင်း
- ❖ ဓာတ်မြေသြဇာကုန်ကျစရိတ်များသည် အထွက်နှုန်းကို ကန့်သတ်ထားခြင်းကြောင့် စားအုန်းဆီဈေးနှုန်းများ မြင့်တက်နေခြင်း
- ❖ ငှက်ပျောအမျှင်ကိုအသုံးပြု၍တန်ဖိုးမြှင့်ထုတ်ကုန်များကို ကချင်ပြည်နယ်တွင် ထုတ်လုပ်မည်ဖြစ်ကြောင်း
- ❖ ၂၀၂၂ ခုနှစ်တွင် ဥရောပဟင်းသီးဟင်းရွက်ဆီ ဈေးကွက်တွင် ထုတ်လုပ်မှု ပြန်လည်ကောင်းမွန်လာရန် မျှော်မှန်းထားခြင်း

စာမျက်နှာ ၅ မှ ၈

# ဈေးကွက်သတင်း အချက်အလက်များ

## နံ့စားသီးနှံ







### ○ ပေါ်ဆန်းနှင့် မနောသုခစပါး

- ○ ဇန်နဝါရီလ(၁၅)ရက်အတွင်း ပေါ်ဆန်းစပါးဈေးနှုန်းမှာ စစ်ကိုင်းဈေးကွက်၌ တစ်တင်းလျှင်(၁၃၀၀၀)ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးဖြစ်နေပြီး ဒီဇင်ဘာလ(၁၅)ရက်နှင့် နှိုင်းယှဉ်ကြည့်လျှင် ရန်ကုန်၊ ပဲခူးနှင့် ဧရာဝတီဈေးကွက်တို့၌သာ တစ်တင်းလျှင် ၅၀၀ ကျပ်မှ ၁၅၀၀ ကျပ် (၅% မှ ၁၅%)ခန့် ဈေးနှုန်းမြင့်တက်ခဲ့သော်လည်း မွန်ပြည်နယ်ဈေးကွက်၌ တစ်တင်းလျှင် ၅၀၀ကျပ်(၄%)ခန့် ဈေးနှုန်းကျဆင်းခဲ့ပြီး အခြားဈေးကွက်အများစုတွင် ဈေးနှုန်းတည်ငြိမ်လျက်ရှိပါသည်။
- ○ ဇန်နဝါရီလ(၁၅)ရက်အတွင်း မနောသုခစပါးဈေးနှုန်းမှာ ဒီဇင်ဘာလ(၁၅)ရက်နှင့်နှိုင်းယှဉ်ပါက ပဲခူးနှင့် မွန်ပြည်နယ်ဈေးကွက်တို့၌ တစ်တင်းလျှင် ၄၀၀ ကျပ်မှ ၁၅၀၀ ကျပ် (၇%)မှ (၂၁%)ခန့်အတွင်း ဈေးနှုန်းမြင့်တက်လျက်ရှိပြီး မကွေး၊ ဧရာဝတီနှင့် ကရင်ဈေးကွက်တို့၌ တစ်တင်းလျှင် ၃၀၀ ကျပ်မှ ၁၀၀၀ ကျပ် (၄% မှ ၁၃%)ခန့်အတွင်း ဈေးနှုန်းကျဆင်းခဲ့ပါသည်။ ဇန်နဝါရီလ(၁၅)ရက်အတွင်း မနောသုခမှာ စစ်ကိုင်းဈေးကွက်၌ တစ်တင်းလျှင် အမြင့်ဆုံး (၉၀၀၀)ကျပ်အထိ ရှိနေပါသည်။
- ○ ဇန်နဝါရီလ(၁၅)ရက်အတွင်း စပါးဈေးနှုန်းအခြေအနေမှာ ဈေးကွက်အတွင်း စပါးအသစ်များ ဆက်တိုက်ဝင်ရောက်လျက်ရှိသော်လည်း ဒေသတွင်းသာ ဝယ်ယူမှုရှိပြီး အရောင်းအဝယ် အေးနေခြင်းကြောင့် ဈေးနှုန်းသိသာစွာ ပြောင်းလဲခြင်းမရှိကြောင်း သိရှိရပါသည်။

### အစေ့ထုတ်ပြောင်း




- အစေ့ထုတ်ပြောင်းမှာ နေပြည်တော်ဈေးကွက်၌ တစ်တင်းလျှင် (၁၆၀၀၀)ကျပ်ဖြင့် ဇန်နဝါရီလ (၁၅)ရက်အတွင်း အမြင့်ဆုံးဖြစ်နေပြီး ဒီဇင်ဘာလ (၁၅)ရက်နှင့် နှိုင်းယှဉ်ကြည့်လျှင် အချို့ဈေးကွက်များ၌ တစ်တင်းလျှင် ၅၀ကျပ်မှ ၂၀၀၀ကျပ်(၅% ၁၅%)ခန့်အတွင်း ဈေးနှုန်းမြင့်တက်လျက်ရှိပြီး အချို့ဈေးကွက်များတွင် တစ်တင်းလျှင် ၅၀၀ကျပ်မှ ၁၀၀၀ကျပ်(၅% မှ ၁၁%)ခန့်အတွင်း ဈေးနှုန်းကျဆင်း လျက်ရှိပါသည်။
- အစေ့ထုတ်ပြောင်းဈေးနှုန်းပြောင်းလဲမှုသည် တရုတ်နှင့်ထိုင်းနိုင်ငံသို့ တင်ပို့မှုများ၊ ပင်လယ်ရေကြောင်းမှ အခြားနိုင်ငံများသို့ တင်ပို့မှုများနှင့် ပြည်တွင်းအစာစပ်စက်ရုံများမှဝယ်လိုအားတို့နှင့် များစွာဆက်စပ်လျက်ရှိကြောင်း သိရှိရပါသည်။

# ဆီထွက်သီးနှံဈေးနှုန်းများ

## မြေပဲ၊ နှမ်း၊ နေကြာ

- ❖ မြေပဲ(အတောင့်)ဈေးနှုန်းမှာဇန်နဝါရီလ(၁၅)ရက်အတွင်း ရခိုင်ဈေးကွက်၌ တစ်တင်းလျှင် (၂၂၀၀၀)ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးဖြစ်နေပြီး ဒီဇင်ဘာလ(၁၅)ရက်နှင့်နှိုင်းယှဉ်ပါက ရခိုင်ဈေးကွက်၌သာ တစ်တင်းလျှင် ၇၀၀၀ကျပ်(၄၆%)ခန့် ဈေးနှုန်းကျဆင်းခဲ့ပြီး ကျန်ဈေးကွက်အားလုံး၌ ဈေးနှုန်းပြောင်းလဲမှုမရှိဘဲ ဈေးငြိမ်နေပါသည်။
- ❖ ဇန်နဝါရီလ(၁၅)ရက်အတွင်း မြေပဲဈေးနှုန်းမှာ ပြည်တွင်းပဲဆီအရောင်းအဝယ်ကောင်းနေခြင်းကြောင့် ပြည်တွင်းဆီစက်များမှဝယ်ယူနေခြင်းနှင့် ပြည်ပတင်ပို့သည့် ကုန်သည်များမှ ဝယ်ယူလျက်ရှိခြင်းတို့ကြောင့် မြေပဲအရောင်းအဝယ်သွက်နေသော်လည်း ဈေးနှုန်းမှာမူ ပြောင်းလဲမှုမရှိဘဲ ငြိမ်သက်နေကြောင်း သိရှိရပါသည်။
- ❖ ဇန်နဝါရီလ(၁၅)ရက်အတွင်း နှမ်း(နက်)ဈေးနှုန်းမှာ နေပြည်တော်၌ တစ်တင်းလျှင်(၈၀၀၀၀)ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးဖြစ်နေပြီး ဒီဇင်ဘာလ(၁၅)ရက်နှင့်နှိုင်းယှဉ်ပါက စစ်ကိုင်း၊ တနင်္သာရီနှင့် ကရင်ဈေးကွက်တို့၌ တစ်တင်းလျှင် ၁၀၀၀ ကျပ်မှ ၃၀၀၀ ကျပ်(၂%မှ ၇%)အတွင်း ဈေးနှုန်းမြင့်တက်ခဲ့ပြီး ကယားဈေးကွက်၌သာ တစ်တင်းလျှင် (၅၀၀၀)ကျပ်(၁၀%)ခန့် ဈေးနှုန်းကျဆင်းသွားပါသည်။ ဇန်နဝါရီလ(၁၅)ရက်အတွင်း ဈေးကွက်အတွင်းသို့ အရည်အသွေးအကောင်းဆုံး နှမ်းနက်များအဝင်နည်းပြီး အဝယ်အေးနေသော်လည်း အရည်အသွေးအလယ်အလတ်နှင့်အနိမ့်ဆုံးနှမ်းနက်များသာ အရောင်းအဝယ်ပုံမှန်ရှိနေခြင်းကြောင့် ဈေးနှုန်းမှာ သိသာစွာပြောင်းလဲမှုမရှိဘဲ ဈေးငြိမ်နေခြင်းဖြစ်ကြောင်း သိရှိရပါသည်။
- ❖ နေကြာဈေးနှုန်းမှာ ဇန်နဝါရီလ(၁၅)ရက်အတွင်း ပဲခူးဈေးကွက်၌ တစ်တင်းလျှင်(၃၅၀၀၀)ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးရှိနေပြီး ဒီဇင်ဘာလ(၁၅)ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါကဈေးကွက်အများစု၌ ဈေးနှုန်းတည်ငြိမ်လျက်ရှိနေပါသည်။

| ဈေးကွက်အမည် | မြေပဲ(အတောင့်)ဈေးနှုန်း (ကျပ်/တင်း) | | |
|---|---|---|---|
| | ဒီဇင်ဘာ (၁၅)ရက် | ဇန်နဝါရီ (၁၅)ရက် | ခြားနားချက်(%) |
| နေပြည်တော် | ၁၆၀၀၀ | ၁၆၀၀၀ | ၀.၀၀ |
| ရန်ကုန် | ၁၇၆၀၀ | ၁၇၆၀၀ | ၀.၀၀ |
| မန္တလေး | ၁၄၀၀၀ | ၁၄၀၀၀ | ၀.၀၀ |
| မကွေး | ၁၂၀၀၀ | ၁၂၀၀၀ | ၀.၀၀ |
| ပဲခူး | ၁၅၀၀၀ | ၁၅၀၀၀ | ၀.၀၀ |
| စစ်ကိုင်း | ၁၅၀၀၀ | ၁၅၀၀၀ | ၀.၀၀ |
| ကယား | ၁၁၅၀၀ | ၁၁၅၀၀ | ၀.၀၀ |
| ကရင် | ၁၃၀၀၀ | ၁၃၀၀၀ | ၀.၀၀ |
| ရခိုင် | ၁၅၀၀၀ | ၂၂၀၀၀ | (+)၄၆.၆၇ |
| ရှမ်း | ၁၃၅၀၀ | ၁၃၅၀၀ | ၀.၀၀ |






# ပဲမျိုးစုံ ဈေးကွက်

## ပဲတီစိမ်း




## မတ်ပဲ

| ဈေးကွက်အမည် | မတ်ပဲဈေးနှုန်း (ကျပ်/တင်း) | | |
|---|---|---|---|
| | ဒီဇင်ဘာ (၁၅)ရက် | ဇန်နဝါရီ (၁၅)ရက် | ခြားနားချက်(%) |
| နေပြည်တော် | ၅၅၀၀၀ | ၅၅၀၀၀ | (-)၉.၉၉ |
| ရန်ကုန် | ၅၅၀၀၀ | ၅၅၀၀၀ | ၀.၀၀ |
| မန္တလေး | ၄၅၀၀၀ | ၄၁၂၀၀ | (-)၈.၄၄ |
| မကွေး | ၄၅၀၀၀ | ၃၉၈၀၀ | (-)၁၁.၅၆ |
| ရှောဝတီ | ၄၅၀၀၀ | ၃၅၀၀၀ | (-)၂၂.၂၂ |
| ပဲခူး | ၄၉၀၀၀ | ၄၃၀၀၀ | (-)၁၂.၂၄ |
| စစ်ကိုင်း | ၄၅၀၀၀ | ၄၆၀၀၀ | (+) ၂.၂၂ |
| ကချင် | ၄၅၀၀၀ | ၅၀၀၀၀ | (+)၁၁.၁၁ |
| ကရင် | ၃၂၀၀၀ | ၃၅၀၀၀ | (+)၉.၄၀ |
| မွန် | ၄၄၀၀၀ | ၄၁၅၀၀ | (-)၅.၆၈ |
| ရခိုင် | ၄၀၀၀၀ | ၄၅၀၀၀ | (+)၁၂.၅၀ |

### ပဲတီစိမ်းနှင့်မတ်ပဲ

- ဇန်နဝါရီလ(၁၅)ရက်အတွင်း ပဲတီစိမ်းဈေးနှုန်းမှာ ရန်ကုန်ဈေးကွက်၌ တစ်တင်းလျှင် (၅၅၀၀၀)ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးဖြစ်နေပြီး ဒီဇင်ဘာလ(၁၅)ရက်နှင့်နှိုင်းယှဉ်ကြည့်လျှင် အချို့ဈေးကွက်များ၌ တစ်တင်းလျှင် ၁၀၀၀ကျပ် ၆၀၀၀ကျပ်(၂%မှ ၁၅%)ခန့်အတွင်း ဈေးနှုန်း မြင့်တက်ခဲ့ပြီး ဈေးကွက်အချို့၌ တစ်တင်းလျှင် ၂၀၀၀ ကျပ် ၉၀၀၀ကျပ်(၅%မှ ၁၉%)ခန့်အတွင်း ဈေးနှုန်းကျဆင်းလျက်ရှိပါသည်။
- ဇန်နဝါရီလ(၁၅)ရက်အတွင်း မတ်ပဲဈေးနှုန်းသည်လည်း ဒီဇင်ဘာလ(၁၅)ရက်နှင့်နှိုင်းယှဉ်ပါက အချို့ဈေးကွက်များ၌ တစ်တင်းလျှင် ၁၀၀၀ကျပ် ၅၀၀၀ကျပ်(၂%မှ ၁၂%)ခန့်အတွင်း ဈေးနှုန်းမြင့်တက်ခဲ့ပြီး ဈေးကွက်အချို့၌ တစ်တင်းလျှင် ၂၅၀၀ ကျပ် ၁၀၀၀၀ကျပ်(၅%မှ ၂၂%)ခန့်အတွင်း ဈေးနှုန်းကျဆင်းလျက်ရှိပါသည်။
- ပဲတီစိမ်းနှင့် မတ်ပဲဈေးနှုန်းအခြေအနေမှာ ဇန်နဝါရီလဆန်းအတွင်း၌ ဈေးကွက်အတွင်းသို့ ပဲအသစ်များစတင်ဝင်ရောက်လျက်ရှိပြီးဝယ်လိုအားကောင်းနေသော်လည်း အဝင်နည်းနေကာ ဈေးကောင်းမရရှိသေးခြင်း၊ အိန္ဒိယနိုင်ငံ၏ပဲလိုအပ်ချက်မှာလည်း ပုံမှန်ရှိနေခြင်း၊ ပြည်တွင်းငွေလဲလှယ်နှုန်းမှာလည်း အနည်းငယ်မြင့်တက်လာခြင်းစသည်တို့ကြောင့် ဈေးကွက်အတွင်း ပဲဈေးနှုန်း အတက်အကျအနည်းငယ်ဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း သိရှိရပါသည်။

## ပဲစင်းငုံ




- ဇန်နဝါရီလ(၁၅)ရက်အတွင်း ပဲစဉ်းငုံတစ်တင်းဈေးနှုန်းမှာ တနင်္သာရီဈေးကွက်တွင် တစ်တင်းလျှင်(၄၃၀၀၀) ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးဖြစ်နေပြီး ဒီဇင်ဘာလ(၁၅)ရက်နှင့်နှိုင်းယှဉ်ပါက နေပြည်တော်ဈေးကွက်၌ တစ်တင်းလျှင် ၉၀၀၀ကျပ် (၃၂%)ခန့် ဈေးနှုန်းအများဆုံးမြင့်တက်ခဲ့ပြီး ဈေးကွက်အများစု၌ ဈေးနှုန်းသိသာစွာပြောင်းလဲမှုမရှိပါ။
- ပဲစဉ်းငုံဈေးနှုန်းအခြေအနေမှာ အိန္ဒိယမှ ဝယ်ယူမည့် ပဲစင်းငုံတန်ချိန်(၁)သိန်းကို ၂၀၂၂ခုနှစ်မတ်လအထိ သက်တမ်းတိုးခဲ့ခြင်းကြောင့် ဈေးနှုန်းမှာ သိသာစွာ ကျဆင်းခြင်းမရှိနိုင်သော်လည်း ဈေးကွက်အတွင်း၌ ပဲလက်ကျန်အနည်းငယ်သာရှိခြင်း၊ ပဲအသစ်များဈေးကွက်အတွင်းသို့ဝင်ရောက်လျက်ရှိပြီး အရောင်းအဝယ်ကောင်းနေခြင်းတို့ကြောင့် ဈေးနှုန်းအနည်းငယ် ပြောင်းလဲနေခြင်းဖြစ်ကြောင်း သိရှိရပါသည်။

## ကုလားပဲ




- ဇန်နဝါရီလ(၁၅)ရက်အတွင်း ကုလားပဲဈေးနှုန်းမှာ မွန်ပြည်နယ်၌ တစ်တင်းလျှင် (၆၅၅၀၀)ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးရှိနေပါသည်။ ဈေးကွက်အတွင်း ကုလားပဲအသစ်များ ဝင်ရောက်မှုမရှိသေးသဖြင့် အမြင့်ဈေးနှုန်းဖြင့်ရှိနေခြင်းဖြစ်ပြီး အချို့ဈေးကွက်များတွင် တစ်တင်းလျှင် ၄၀၀၀ကျပ်(၇%)ခန့် ဈေးနှုန်းအများဆုံးမြင့်တက်ခဲ့ပြီး အချို့ဈေးကွက်များ၌ တစ်တင်းလျှင် ၃၈၀၀ကျပ်(၉%)ခန့် ဈေးနှုန်းအများဆုံးကျဆင်းကာ ဈေးနှုန်းအနည်းငယ်သာ ပြောင်းလဲမှုရှိနေပါသည်။

# စက်မှုကုန်ကြမ်းသီးနှံ

## ဝါ(ချည်မျှင်ရှည်)




- ချည်မျှင်ရှည်ဝါဈေးနှုန်းမှာ ဇန်နဝါရီလ(၁၅)ရက်အတွင်း နေပြည်တော်၌ တစ်ပိဿာလျှင် (၁၆၀၀) ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးရှိနေပြီး ဒီဇင်ဘာလ(၁၅)ရက်နှင့် နှိုင်းယှဉ်ပါက နေပြည်တော်၌ တစ်ပိဿာလျှင်(၂၀၀)ကျပ်ခန့်သာ ဈေးနှုန်းမြင့်တက်ခဲ့ပြီး ကျန်ဈေးကွက်များ၌ ဈေးနှုန်းပြောင်းလဲမှုမရှိခဲ့ပါ။
- ဇန်နဝါရီလ(၁၅)ရက်အတွင်း ချည်မျှင်ရှည်ဝါဈေးနှုန်း အမြင့်ဆုံးနှင့် အနိမ့်ဆုံးကွာခြားမှုအနေဖြင့် တစ်ပိဿာလျှင် (၂၀၀)ကျပ်ရှိနေပါသည်။

## ချက်ကြဲ




- ချက်ကြဲဈေးနှုန်းမှာ ဇန်နဝါရီလ(၁၅)ရက်အတွင်း စစ်ကိုင်းဈေးကွက်တွင် တစ်တန်လျှင် (၆၂၀၀၀)ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးရှိနေပြီး ကရင်ပြည်နယ်၌ (၄၁၀၀၀) ကျပ်ဖြင့် အနိမ့်ဆုံးရှိနေပါသည်။ ဇန်နဝါရီလ(၁၅)ရက်အတွင်း ကြံတစ်တန်အတွက် ဈေးနှုန်းအနိမ့်ဆုံးနှင့် အမြင့်ဆုံးကွာခြားမှုအနေဖြင့် (၂၁၀၀၀)ကျပ်ဖြစ်ပါသည်။
- ယခုနှစ်ကြံရာသီချိန်တွင် ပြည်တွင်းသကြားဈေးနှုန်းမှာ သကြားလက်ကျန်လျော့နည်းသွားခြင်းနှင့် သကြားအသစ်ထွက်ရှိလာသော်လည်း သကြားဈေးနှုန်းမှာ ကျဆင်းမှုမရှိဘဲ တစ်ပိဿာလျှင် (၁၈၅၀-၁၉၀၀)ကျပ်အထိ ဈေးနှုန်းမြင့်တက်လျက်ရှိပါသည်။ ပြည်တွင်းသကြားစက်ရုံများသည် သကြားတစ်ပိဿာဈေးနှုန်းကိုအခြေခံ၍ ကြံဈေးနှုန်းသတ်မှတ်ဝယ်ယူလျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)ဌေးရှည်ပုလဲသကြားစက်ရုံအနေဖြင့် စံချိန်တင်ဈေးနှုန်းဖြစ်သည့် တစ်တန်လျှင်(၆၅၀၀၀)ကျပ်အထိ တိုးမြှင့် ဝယ်ယူပေးသွားမည်ဖြစ်ကြောင်းနှင့် အခြားကြံစိုက်ဒေသများတွင် ကြံတစ်တန်ဈေးနှုန်းမှာ ထူးခြားစွာ ပြောင်းလဲမှုမရှိသေးကြောင်း သိရှိရပါသည်။

## ရော်ဘာ

**ဇန်နဝါရီလ(၁၅)ရက်အတွင်း RSS-3 ရော်ဘာ တစ်ပေါင် ဈေးနှုန်းပြောင်းလဲမှုအခြေအနေ**




Source: Perennial Crops Division, DoA

- RSS-3ရော်ဘာတစ်ပေါင်ဈေးနှုန်းသည် ဇန်နဝါရီလ(၁၅)ရက်အတွင်းတနင်္သာရီဒေသ၌(၉၇၀)ကျပ်မှ(၁၀၁၀)ကျပ်အတွင်း၊ ကရင်ပြည်နယ်၌ (၉၅၀)ကျပ်မှ (၁၀၂၇)ကျပ်အတွင်း၊ မွန်ပြည်နယ်၌ (၉၅၆)ကျပ်မှ (၁၀၁၁)ကျပ်အတွင်း အသီးသီးဈေးနှုန်းဖြစ်ပေါ်လျက်ရှိပါသည်။ ဇန်နဝါရီလဆန်းပိုင်း၌ ရော်ဘာဈေးနှုန်းသည် တစ်ပေါင်လျှင် (၉၇၀)ကျပ် အမြင့်ဆုံးရှိနေရာမှ လလယ်တွင် တစ်ဖြည်းဖြည်း မြင့်တက်လာသည့်အနေထားရှိနေပါသည်။ ယခုကာလသည်ရော်ဘာပင်အရွက်ကြွေကာလဖြစ်ပြီး ရော်ဘာလုပ်ငန်းရှင်များ အစေးခြစ်လုပ်ငန်းရပ်နားထား၍ အထွက်နှုန်းလျော့နည်းသွားသဖြင့် ဝယ်ယူသူများမှ ကုန်ကြမ်းရရှိနိုင်ရန် ဈေးနှုန်းမြင့်တင်ပြီး ဝယ်ယူလာကြခြင်းကြောင့် ဈေးကွက်အတွင်း ရော်ဘာဈေးနှုန်း မြင့်တက်လာခြင်းဖြစ်ကြောင်း သိရှိရပါသည်။

# စားဖိုဆောင်သီးနှံများ

## ကြက်သွန်နီ




- ကြက်သွန်နီဈေးနှုန်းမှာ ဇန်နဝါရီလ(၁၅)ရက်အတွင်း ကယားနှင့် စစ်ကိုင်းဈေးကွက်၌ တစ်ပိဿာလျှင် (၁၅၀၀)ကျပ် အများဆုံးရှိနေပြီး ဈေးကွက်အားလုံး၏ ပျမ်းမျှတစ်ပိဿာဈေးနှုန်းမှာ (၉၈၀)ကျပ်ရှိနေပါသည်။ ဒီဇင်ဘာလ(၁၅)ရက်နှင့်နှိုင်းယှဉ်ပါက စစ်ကိုင်းဈေးကွက်တွင်သာ တစ်ပိဿာလျှင် (၇၀၀)ကျပ်ခန့်ဈေးနှုန်း မြင့်တက်ခဲ့ပြီး ဈေးကွက်များစွာ၌ ၁၀၀ကျပ်မှ ၃၀၀ ကျပ် (၁၀% မှ ၃၀%)ခန့်အတွင်း ဈေးနှုန်းကျဆင်းသွားပါသည်။

## ကြက်သွန်ဖြူ

| ဈေးကွက်အမည် | ကြက်သွန်ဖြူဈေးနှုန်း (ကျပ်/ပိဿာ) | | |
|---|---|---|---|
| | ဒီဇင်ဘာ (၁၅)ရက် | ဇန်နဝါရီ (၁၅)ရက် | ခြားနားချက် (%) |
| နေပြည်တော် | ၄၈၀၀ | ၄၈၀၀ | ၀.၀၀ |
| ရန်ကုန် | ၅၀၀၀ | ၅၀၀၀ | ၀.၀၀ |
| မန္တလေး | ၃၀၀၀ | ၃၄၀၀ | (+) ၁၃.၃၃ |
| မကွေး | ၃၈၀၀ | ၃၅၀၀ | (-) ၇.၈၉ |
| ပဲခူး | ၃၂၀၀ | ၃၂၀၀ | ၀.၀၀ |
| ဧရာဝတီ | ၄၀၀၀ | ၃၅၀၀ | (-)၁၂.၅၀ |
| စစ်ကိုင်း | ၄၅၀၀ | ၄၀၀၀ | (-) ၁၁.၁၁ |
| တနင်္သာရီ | ၆၅၀၀ | ၅၅၀၀ | (-) ၁၅.၃၈ |
| ကချင် | ၄၅၀၀ | ၄၅၀၀ | ၀.၀၀ |
| ကယား | ၃၅၀၀ | ၃၅၀၀ | ၀.၀၀ |
| မွန် | ၅၀၀၀ | ၄၇၀၀ | (-)၆.၀၀ |
| ရခိုင် | ၃၅၀၀ | ၃၅၀၀ | ၀.၀၀ |
| ရှမ်း | ၃၅၀၀ | ၃၅၀၀ | ၀.၀၀ |

- ဇန်နဝါရီလ(၁၅)ရက်အတွင်း ကြက်သွန်ဖြူဈေးနှုန်းမှာ တနင်္သာရီဈေးကွက်၌ တစ်ပိဿာလျှင်(၅၅၀၀)ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးရှိနေပြီး ဈေးကွက်အတွင်းအဝင်များသဖြင့် မန္တလေးဈေးကွက်မှလွဲ၍ ကျန်ဈေးကွက်များစွာတွင် တစ်ပိဿာလျှင် ၃၀၀ကျပ်မှ ၁၀၀၀ကျပ် (၆%မှ ၁၅%)ခန့်အတွင်း ဈေးနှုန်းကျဆင်းလျက်ရှိပါသည်။

## ခရမ်းချဉ်




- ခရမ်းချဉ်ဈေးနှုန်းမှာ ဇန်နဝါရီလ(၁၅)ရက်အတွင်း ရခိုင်ပြည်နယ်တွင် တစ်ပိဿာလျှင် (၄၅၀၀)ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးရှိနေကာ ဈေးကွက်အတွင်းသို့ ခရမ်းချဉ်သီးဝင်ရောက်မှုများလာခြင်းကြောင့် ဒီဇင်ဘာလ(၁၅)ရက်ထက် တစ်ပိဿာလျှင် ၃၀၀ကျပ်မှ ၁၀၀၀ကျပ် (၉% မှ ၃၃%)ခန့်အတွင်း ဈေးနှုန်းကျဆင်းလျက်ရှိပါသည်။

## ငရုတ်(အစို)







- ငရုတ်(အစို)ဈေးနှုန်းမှာ ဇန်နဝါရီလ(၁၅)ရက်အတွင်း တနင်္သာရီဈေးကွက်၌ တစ်ပိဿာလျှင် အများဆုံး (၆၀၀၀)ကျပ်ရှိနေပြီး ဒီဇင်ဘာလ(၁၅)ရက်နှင့်နှိုင်းယှဉ်ပါက နေပြည်တော်နှင့် မန္တလေးဈေးကွက်တို့၌ တစ်ပိဿာလျှင် ၅၀၀ ကျပ်မှ ၁၀၀၀ကျပ်(၂၅%)ခန့် ဈေးနှုန်းမြင့်တက်ခဲ့သော်လည်း ကျန်ဈေးကွက်အများစု၌ တစ်ပိဿာလျှင် ၁၀၀ကျပ်မှ ၁၄၀၀ကျပ် (၄% မှ ၄၆%)ခန့်အတွင်း ဈေးနှုန်းကျဆင်းခဲ့ပါသည်။
- ငရုတ်(အခြောက်)ဈေးနှုန်းမှာ ဇန်နဝါရီလ(၁၅)ရက်အတွင်း ရန်ကုန်ဈေးကွက်၌ တစ်ပိဿာလျှင် (၁၀၀၀၀) ကျပ်ဖြင့် အမြင့်ဆုံးဖြစ်နေပြီး မွန်ပြည်နယ်၌ တစ်ပိဿာလျှင် (၄၄၀၀)ကျပ်ဖြင့် အနိမ့်ဆုံးဖြစ်နေပါသည်။
-

## မြန်မာ့ပဲမျိုးစုံတင်ပို့မှုအခြေအနေ

**၂၀၂၁ခုနှစ်၊ ဒီဇင်ဘာလစတုတ္ထပတ်နှင့် ၂၀၂၂ ခုနှစ် ဇန်နဝါရီလပထမပတ် တင်ပို့မှုနှိုင်းယှဉ်ချက်**

| ပဲမျိုးစုံ | ရေတွက်ပုံ | တင်ပို့မှု | | |
|---|---|---|---|---|
| | | ဒီဇင်ဘာ စတုတ္ထပတ် | ဇန်နဝါရီလ ပထမပတ် | အတိုး/ အလျှော့ |
| မတ်ပဲ | US$ | ၁၀.၇၀ | ၈.၆၀ | (-)၂.၁၁ |
| | ကီလို | ၁၄၇၅၃.၃၇ | ၁၁၆၉၀.၈၇ | (-)၃၀၆၂.၅၀ |
| ပဲတီစိမ်း | US$ | ၅.၇၂ | ၇.၄၀ | (+)၁.၆၈ |
| | ကီလို | ၇၂၂၅.၆၂ | ၉၅၄၂.၅၈ | (+)၂၃၁၆.၉၆ |
| ပဲစဉ်းငုံ | US$ | ၀.၈၈ | ၁.၃၇ | (+)၀.၅၀ |
| | ကီလို | ၁၃၄၅.၀၀ | ၂၃၂၅.၀၀ | (+)၉၈၀.၀၀ |
| ကုလားပဲ | US$ | ၀.၀၈ | ၀.၀၀၃ | (-)၀.၀၇၇ |
| | ကီလို | ၉၉.၀၀ | ၆.၀၀ | (-)၉၃.၀၀ |
| ပဲလွန်းဖြူ | US$ | ၀.၆၄ | ၀.၃၂ | (-)၀.၃၂ |
| | ကီလို | ၇၂၁.၀၀ | ၃၇၃.၀၀ | (-)၃၄၈.၀၀ |
| မြေ | US$ | ၀.၀၁၁ | ၀.၂၈ | (+)၀.၂၆ |
| ထောက်ပဲ | ကီလို | ၁၀.၇၅ | ၃၀၆.၈၀ | (+)၂၉၆.၀၅ |
| ထောပတ် | US$ | ၀.၀၀ | ၀.၁၄ | (+)၀.၁၄ |
| ပဲ | ကီလို | ၀ | ၂၀၄.၀၁ | (-)၂၀၄.၀၁ |
| ပဲယင်း | US$ | ၀.၁၂၇ | ၀.၀၃၄ | (-)၀.၀၉၃ |
| | ကီလို | ၁၉၁.၂၄ | ၅၁.၀၁ | (-)၁၄၀.၂၃ |
| ပဲကြီး | US$ | ၀.၀၀ | ၀.၀၃၃ | (+)၀.၀၃၃ |
| | ကီလို | ၀.၀၀ | ၅၀.၀၀ | (+)၅၀.၀၀ |
| ပဲကတ္တီပါ | US$ | ၀.၇၄ | ၀.၇၄ | ၀.၀၀ |
| (စွန်တာနီ) | ကီလို | ၁၁၉၆.၂၁ | ၁၁၉၆.၂၁ | ၀.၀၀ |
| ဘိုကိတ်ပဲ | US$ | ၀.၅၂၄ | ၀.၄၃၂ | (-)၀.၀၉၂ |
| | ကီလို | ၆၅၄.၅၀ | ၅၇၀.၉၀ | (-)၈၃.၆၀ |
| မြေပဲဆံ | US$ | ၁.၀၄၃ | ၁.၁၄ | (+)၀.၀၀ |
| | ကီလို | ၁၀၄၈.၆၆ | ၁၁၇၇.၇၁ | (+)၁၂၉.၀၅၃ |
| အခြားပဲ | US$ | ၀.၆၅ | ၀.၆၅ | ၀.၀၀ |
| | ကီလို | ၇၉၃.၆၇ | ၇၉၁.၈၆ | (-) ၁.၈၁ |
| စုစုပေါင်း | US$ | ၂၁.၁၁ | ၁၈.၃၉၂ | (-)၂.၇၂ |
| | ကီလို | ၂၈၀၃၉.၀၁ | ၂၄၃၀၉.၈၁ | (-)၃၇၂၉.၂၀ |

Source: Trade Section, Planning Division, DoA

# အသား/ငါးနှင့် ဥအမျိုးမျိုး

## ၂၀၂၂ ခုနှစ် ဇန်နဝါရီလ(၁၅)ရက်အတွင်း ဈေးနှုန်းဖြစ်ပေါ်မှု

| အမျိုးအမည် | ရေတွက်ပုံ | ဈေးကွက်ပေါက်ဈေး(ကျပ်/ယူနစ်) | | | |
|---|---|---|---|---|---|
| | | နေပြည်တော် | ရန်ကုန် | မန္တလေး | ရခိုင် |
| ငါးသလောက် | ပိဿာ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၁၅၀၀ |
| ငါးကြင်း(ဖြူ) | ။ | ၈၀၀၀ | ၈၀၀၀ | ၉၀၀၀ | - |
| ငါးကြင်း(နီ) | ။ | ၆၀၀၀ | ၆၀၀၀ | ၄၀၀၀ | - |
| ငါးမြင်း | ။ | ၁၀၀၀၀ | - | - | - |
| ငါးတန် | ။ | ၃၅၀၀ | ၇၀၀၀ | ၃၅၀၀ | ၁၃၀၀၀ |
| ငါးခူ | ။ | ၁၂၀၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၁၁၅၀၀ |
| ငါးကျည်း | ။ | ၁၁၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | - |
| ငါးရံ့ | ။ | ၁၀၀၀၀ | ၁၂၀၀၀ | - | ၇၀၀၀ |
| ကကတစ် | ။ | ၁၅၀၀၀ | ၁၂၀၀၀ | - | ၁၀၀၀၀ |
| တီလားပီးယား | ။ | ၄၅၀၀ | ၃၅၀၀ | ၄၅၀၀ | ၅၀၀၀ |
| ပြည်ကြီးငါး | ။ | ၂၅၀၀၀ | ၁၈၀၀၀ | - | ၉၀၀၀ |
| ကင်းမွန် | ။ | ၁၅၀၀၀ | ၁၈၀၀၀ | - | ၈၅၀၀ |
| ပုစွန်ထုပ်ကြီး | ။ | ၃၀၀၀၀ | ၃၅၀၀၀ | ၃၀၀၀၀ | ၃၅၀၀၀ |
| ပုစွန်ဂျော် | ။ | ၁၄၀၀၀ | ၁၀၀၀၀ | ၂၀၀၀၀ | ၁၄၀၀၀ |
| ပုစွန်ဆိတ် | ။ | ၆၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | - |
| ကဏန်းပျော့ | ။ | ၁၆၀၀၀ | - | ၁၀၀၀၀ | ၁၃၅၀၀ |
| ကဏန်းမာ | ။ | ၈၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၅၀၀၀ |
| **အသားအမျိုးမျိုး** | | | | | |
| ကြက်(စီပီ) | ပိဿာ | ၈၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၆၅၀၀ |
| ကြက်(ဒေသ) | ။ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ |
| ဘဲ | ။ | ၁၂၀၀၀ | ၉၀၀၀ | ၆၀၀၀ | ၁၄၀၀၀ |
| ဝက် | ။ | ၁၀၀၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ |
| အမဲ | ။ | ၁၃၀၀၀ | ၁၅၀၀၀ | ၁၄၅၀၀ | ၁၈၀၀၀ |
| ဆိတ် | ။ | ၂၀၀၀၀ | ၂၈၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ |
| **ဥအမျိုးမျိုး** | | | | | |
| ကြက် | လုံး | ၁၅၀ | ၁၅၀ | ၁၂၀ | ၁၅၀ |
| ဘဲ | ။ | ၂၀၀ | ၂၀၀ | ၂၀၀ | ၁၅၀ |
| ငုံး | ။ | ၆၀ | ၃၀ | ၃၀ | ၅၀ |

source: ငါးလုပ်ငန်းဦးစီးဌာနနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

# ပြည်တွင်း ပြည်ပ လယ်ယာသတင်းများ

## ရော်ဘာရောင်းလိုအား ပြတ်လပ်ခြင်းနှင့် တရုတ်နိုင်ငံ၏ဝယ်လိုအား တိုးတက်လာခြင်းသည် ကမ္ဘာ့ရော်ဘာဈေးနှုန်းများကို မြင့်တက်စေခြင်း

- တရုတ်နိုင်ငံမှ ရော်ဘာဝယ်လိုအား မြင့်မားလာ ခြင်းနှင့် ကမ္ဘာ့ဈေးကွက်အတွင်း ရာသီအလိုက် ရော်ဘာရောင်းလိုအား ရှားပါးလာသောကြောင့် ကာလတိုသဘာဝရော်ဘာဈေးနှုန်း တိုးမြင့်ရရှိလာနိုင်ကြောင်း သဘာဝရော်ဘာ ထုတ်လုပ်သော နိုင်ငံများအဖွဲ့အစည်း (ANRPC)မှ ပြောကြားခဲ့ကြောင်း၊
- ANRPC ၏ သဘာဝရော်ဘာဈေးကွက် ထောက် လှမ်းရေးအစီရင်ခံစာအဖွဲ့သည် တရုတ်နိုင်ငံမှ လဆန်းနှစ်သစ်အကြို ဝယ်လိုအားကြောင့် (၂၀၂၂) ခုနှစ်၊ ဇန်နဝါရီလထိ ရော်ဘာတင်သွင်းမှုမြင့် တက်လာမည်ဟု ခန့်မှန်းထားကြောင်း၊
- ၂၀၂၁ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၂၂ခုနှစ် ဇန်နဝါရီလတို့တွင် ရော်ဘာတန်ချိန် (၅)သိန်း ဝန်းကျင်ခန့်စီ ရရှိနိုင်ရန် မျှော်မှန်းထားကြောင်း၊
- အခြေခံကျသော ရောင်းလိုအား-ဝယ်လိုအား၏ အပြုသဘောဆောင်သော အကျိုးသက်ရောက်မှုသည် ဒေါ်လာတန်ဖိုးအားကောင်းလာခြင်း၊ ကိုဗစ်မျိုးစိတ်အသစ် အိုမီခရွန်ပျံ့နှံ့လာခြင်းကြောင့် ကန့်သတ်မှုများဖြစ်လာခြင်း၊ ရေနံစိမ်း ဈေးကွက်ပုံမှန်မရှိခြင်းနှင့် ချစ်ပ်ပြတ်လပ်မှုကြောင့် မော်တော်ယာဉ်ကဏ္ဍတွင် အဆက်ပြတ် နေခြင်းများကြောင့် တစ်စိတ်တစ်ပိုင်းအားဖြင့် အဟန့်အတားများဖြစ်စေမည်ဖြစ်ကြောင်း၊
- ဈေးကွက်သည် ကာလတိုအတွင်း ပြတ်လပ်နေသော ရောင်းလိုအားကြောင့် ဆက်လက်ကောင်းမွန်မှုများ ရရှိရန်မျှော်မှန်းထားပြီး ကမ္ဘာ့ရော်ဘာရောင်းလိုအားကျဆင်းခြင်းသည် ရာသီဥတုနှင့်ဆိုင်သော အချက်များကြောင့်ဖြစ်ကြောင်း၊
- (၂၀၂၁)ခုနှစ် ကမ္ဘာ့ရော်ဘာစီးပွားရေးတွင် ကမ္ဘာ့ရော်ဘာရောင်းလိုအား တန်ချိန်(၁၃.၈၈၂)သန်းတွင် ဝယ်လိုအားမှာ တန်ချိန်(၁၄.၀၇၆)သန်းရှိခြင်းကြောင့် တန်ချိန်(၂)သိန်းခန့် လိုအပ်နေကြောင်း၊
- ဥရောပနိုင်ငံတွင် အိုမီခရွန်မျိုးကွဲပျံ့နှံ့မှုကို ဆန့်ကျင်သည့် ကန့်သတ်ချက်အသစ်များနှင့် ရော်ဘာအတွက် ဝယ်လိုအား အလားအလာအပေါ် စိုးရိမ်မှုများသည် ရော်ဘာဈေးကွက်ကို ထိခိုက်စေနိုင်ကြောင်း၊
- ယခုလတ်တလော ဈေးနှုန်းကျဆင်းနေခြင်းသည် ရေရှည်မဟုတ်ဘဲ ဇန်နဝါရီလလယ်လောက်တွင် ထုတ်လုပ်မှုကျဆင်းသောကြောင့် ဈေးနှုန်းပြန်လည်မြင့်တက်လာနိုင်ပါကြောင်း၊ ယခုနှစ်တွင် ရာသီဥတုအခြေအနေသည် အလွန်မရေမရာဖြစ်ပြီး အပြောင်းအလဲမြန်သောကြောင့် စိုက်ပျိုးသူများသည် အစောပိုင်းမိုးရွာသွန်းမှုနှင့် ပိုမိုကောင်းမွန်သော သီးနှံများအတွက် မြေဆီလွှာအစိုဓါတ်ကိုရရှိရန် မျှော်လင့်နေကြကြောင်း Business Line ကွန်ယက်၏ (၂၇.၁၂.၂၀၂၁) ရက်နေ့တွင် ဖော်ပြခဲ့သောဆောင်းပါးအရ သိရှိရပါသည်။

**ဒေါ်စိုးစန္ဒာအောင်၊ စိုက်ပျိုးရေးဦးစီးဌာန**

Source: https://www.thehindubusinessline.com/markets/commodities/short-supply-improved-chinese-demand-to-drive-up-global-rubberprices/article

## မြန်မာနိုင်ငံသည် မူဆယ်နယ်စပ်မှတဆင့် တရုတ်နိုင်ငံသို့ နေ့စဉ် ဆန်အိတ် (၁၀,၀၀၀)ခန့် တင်ပို့လျက်ရှိခြင်း

- မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှတဆင့် တရုတ်နိုင်ငံသို့ နေ့စဉ်ဆန်နှင့် ဆန်အကျိုးအကြေ(HS Code 10064000) အိတ်ပေါင်း(၁၀,၀၀၀)ခန့် ပို့ဆောင်လျက်ရှိကြောင်း မူဆယ်ဆန် လက်ကားရောင်းဝယ်ရေးဌာန၏ ဒုဥက္ကဌ ဦးမင်းသိန်း၏ ပြောကြားချက်အရ သိရှိရကြောင်း၊
- အစောပိုင်းတွင် တရုတ်နိုင်ငံသို့ တင်ပို့မှုပမာဏမှာ ဆန်နှင့်ဆန်အကျိုးအကြေအိတ်ပေါင်း (၆၀,၀၀၀) ခန့်ရှိပါသည်။ ကုန်သွယ်မှုအခြေအနေသည် ယခင်ကဲ့သို့ ချောမွေ့မှုမရှိပါကြောင်း၊ လတ်တလောတွင် မြန်မာနှင့် တရုတ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်ရေးအတွက် စစ်ဆေးရေးဂိတ် တစ်ခုသာရှိနေသေးသောကြောင့် တရုတ်အတွက် ဆန်အိတ်ပေါင်း (၁၀,၀၀၀) တင်ဆောင်ထားသော ကုန်တင်ကား (၁၀-၁၂)စီးခန့်သာ ထွက်ခွာနိုင်ကြောင်း၊
- ကိုဗစ်-၁၉ ဆိုးကျိုးများကြောင့် တရုတ်နိုင်ငံသည် မြန်မာနှင့် နယ်စပ်ဖြတ်ကျော်မှုအားလုံးကို ပိတ်ခဲ့ပြီး ကုန်းတွင်းနယ်နမိတ်အတွင်းရှိ ကျဉ်စမ်းကျော့ကို နိုဝင်ဘာလ(၂၆)ရက်နေ့မှ စတင်ကာ အစမ်းဖွင့်လှစ်ခဲ့ကြောင်း၊
- (၂၀၂၁-၂၀၂၂) အတွင်းတွင် အောက်တိုဘာလ(၁)ရက်နေ့မှ နိုဝင်ဘာလ(၃၀)ရက်နေ့အထိ မြန်မာမှ ပြည်ပကုန်သွယ်မှုမိတ်ဖက်များသို့ ဆန်နှင့်ဆန်အကျိုးအကြေ တန်ချိန်(၅၀၀,၀၀၀)ကျော် တင်ပို့ထားကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်(MRF)မှ ထုတ်ပြန်ထားပါကြောင်း၊
- နယ်စပ်ကုန်သွယ်ရေးဇုန်များမှတဆင့် အိမ်နီးချင်းနိုင်ငံများသို့ ဆန်နှင့် ဆန်အကျိုးအကြေ တန်ချိန်(၂၇,၀၀၀)ကျော်တင်ပို့ခဲ့ပြီး ပင်လင်ရေကြောင်း ကုန်သွယ်မှုမှတဆင့် နိုင်ငံတကာ ဈေးကွက်သို့ တန်ချိန်(၄၇၀,၀၀၀)ကျော် တင်ပို့ခဲ့ကြောင်း၊
- (၂၀၂၀-၂၀၂၁)ခုနှစ်တွင် ပြည်ပနိုင်ငံများသို့ ဆန်တန်ချိန်(၂)သန်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း(၇၀၀) ဝင်ငွေ ရရှိခဲ့ကြောင်း၊
- မြန်မာနိုင်ငံသည် ပြည်ပနိုင်ငံပေါင်း (၆၀)နီးပါးသို့ ဆန်တင်ပို့ခဲ့ပြီး ၎င်းတို့ထဲမှ တရုတ်သည် မြန်မာမှ ဆန်နှင့်ဆန်အကျိုးအကြေများကို အဓိကဝယ်ယူနေသော နိုင်ငံဖြစ်ကြောင်း၊
- (၂၀၂၁) ခုနှစ်၊ ဖေဖော်ဝါရီလ(၂၆)ရက်နေ့တွင် မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှတဆင့် တရုတ်နိုင်ငံမှ ဆန်တင်သွင်းသည့် မြန်မာနိုင်ငံရှိ ကုမ္ပဏီ (၄၇) ခုအား ခွင့်ပြုခဲ့ကြောင်း (၃၀-၁၂-၂၀၂၁) ရက်နေ့တွင် ထုတ်ပြန်သော THE GLOBAL NEW LIGHT of MYANMAR ၏သတင်းဆောင်းပါးအရ သိရှိရပါသည်။

**ဒေါ်နွေးနွေးအောင်၊ စိုက်ပျိုးရေးဦးစီးဌာန**

Source: https://www.gnlm.com.mm/myanmar-daily-conveys-about-10000 -rice-bags-to-china-through-muse-border/#article-title

## (၂၀၂၁)ခုနှစ်အတွင်း ကမ္ဘာ့ကော်ဖီဈေးကွက်အခြေအနေ

- ဇန်နဝါရီလတွင် Robusta ကော်ဖီဈေးနှုန်းများ သည် တစ်ပေါင်လျှင် အမေရိကန်ဆင့် (၇၀.၇၁)ဆင့်သို့ ကျဆင်းသွားသော်လည်း Arabica ကော်ဖီ ဈေးနှုန်းများသည် မြင့်တက်ခဲ့ကြောင်း၊

- (၂၀၂၀)ခုနှစ်ဒီဇင်ဘာလတွင် ကမ္ဘာ့ကော်ဖီတင်ပို့မှု ပမာဏသည် အိတ်ပေါင်း (၁၀.၉၇) သန်းရှိခဲ့ပါကြောင်း၊ (၂၀၂၁)ခုနှစ် ဖေဖော်ဝါရီလတွင်၊ ICO ပေါင်းစပ်ညွှန်းကိန်း (ကော်ဖီဈေးနှုန်းအား အဓိက ကော်ဖီ(၄)အုပ်စု၏ ဈေးနှုန်းကိုအခြေခံ၍ သတ်မှတ်ထားသောညွှန်ကိန်း)သည် ပျမ်းမျှတစ်ပေါင်လျှင် အမေရိကန်ဆင့် (၁၁၉.၃၅)ဆင့် မြင့်တက်ခဲ့ပါကြောင်း၊
- (၂၀၂၁)ခုနှစ် ဇန်နဝါရီလတွင် တစ်ကမ္ဘာလုံး တင်ပို့မှု စုစုပေါင်းအိတ် (၁၀.၂၁)သန်းရှိပြီး ကော်ဖီ နှစ်(၂၀၂၀-၂၁)ခုနှစ်၏ ပထမလေးလတွင် တင်ပို့ မှုမှာ အိတ်ပေါင်း(၄၁.၈၈)သန်းဖြင့် (၃.၇)% တိုး တက်ခဲ့ပြီး (၂၀၂၀)ခုနှစ် အောက်တိုဘာလမှ (၂၀၂၁)ခုနှစ် ဇန်နဝါရီလအတွင်း ကမ္ဘာ့အများဆုံး ကော်ဖီထုတ်လုပ်သည့်ဒေသဖြစ်သည့် တောင် အမေရိကမှတင်ပို့မှုသည်(၁၅.၅)%နှင့် ဘရာဇီးလ်မှ တင်ပို့မှုမှာ (၂၄.၃)% အသီးသီးတိုးလာခဲ့သော်လည်း အခြားဒေသ (၃)ခုမှ ပို့ကုန်တင်ပို့မှုများ ကျဆင်းခဲ့ပါကြောင်း၊ အာရှနှင့် Oceania မှ တင်ပို့ မှုမှာ(၃.၉)%၊ အာဖရိက တင်ပို့မှုမှာ (၁၃)%နှင့် Central America နှင့် မက္ကဆီကိုတို့မှ (၁၇.၅)% အသီးသီး ကျဆင်းခဲ့ပါကြောင်း၊
- ဖေဖော်ဝါရီလတွင် တစ်ပေါင်လျှင် အမေရိကန် ဆင့် (၁၁၉.၃၅)ဆင့်နှင့်နှိုင်းယှဉ်ပါက မတ်လတွင် ICO ပေါင်းစပ်ညွှန်းကိန်းသည် (၀.၈)%ဖြင့် အနည်း ငယ် မြင့်တက်ခဲ့ပြီး လွန်ခဲ့သော(၅)လအတွင်း တိုးတက်မှုလမ်းကြောင်း ဖြစ်လာခဲ့ကြောင်း၊
- (၂၀၂၁)ခုနှစ် ဧပြီလတွင် ICO ပေါင်းစပ်ညွှန်းကိန်းသည် တစ်ပေါင်လျှင် အမေရိကန်ဆင့်(၁၂၂.၀၃) ဆင့်သို့မြင့်တက်ခဲ့ပြီး အုပ်စုညွှန်းကိန်းများ အားလုံးအတွက် ဈေးနှုန်းများ မြင့်တက်ခဲ့ပါကြောင်း၊
- (၂၀၂၁)ခုနှစ် မေလတွင် ICO ပေါင်းစပ်ညွှန်းကိန်းသည် တစ်ပေါင်လျှင် အမေရိကန်ဆင့် (၁၃၄.၇၈) ဆင့်သို့ (၁၀.၄)%မြင့်တက်ခဲ့ပြီး (၂၀၁၇) ဖေဖော်ဝါရီလနောက်ပိုင်း အမြင့်ဆုံးလ ဖြစ်ခဲ့ကြောင်း၊ ကော်ဖီအုပ်စု(၄)ခုလုံး၏ ဈေးနှုန်းများ အထူး သဖြင့် အာရေးဗီးကားကော်ဖီအုပ်စုများ၏ ဈေးနှုန်းများသည် သိသိသာသာ မြင့်တက်ခဲ့ကြောင်း၊
- ICO ပေါင်းစပ်ညွှန်းကိန်း၏ လစဉ်ပျမ်းမျှနှုန်းသည် (၂၀၂၁)ခုနှစ်ဇွန်လတွင်တစ်ပေါင်လျှင် အမေရိကန်ဆင့်(၁၄၁.၀၃)ဆင့်သို့ရောက်ရှိခဲ့ပြီး ကော်ဖီအုပ်စု(၄)အုပ်စုလုံး၏ ဈေးနှုန်းများသည် သိသိသာသာ မြင့်တက်ခဲ့ပါကြောင်း၊
- ကော်ဖီမူလအရင်းအမြစ်များမှ အထူးသဖြင့် ဘရာဇီးတွင်နှင်းခဲကျရောက်မှုများကြောင့် လက်ရှိနှင့် အနာဂတ်တွင် ကော်ဖီရရှိနိုင်မှုနှင့်ပတ်သက်၍ စိုးရိမ်မှုများကြီးထွားလာသည်နှင့်အမျှ (၂၀၂၁) ခုနှစ် ဇူလိုင်လတွင် ကော်ဖီဈေးနှုန်းများ ဆက် လက် မြင့်တက်ခဲ့ပြီးအာရေးဗီးကားကော်ဖီမျိုးသည် ၂၀၁၄ ခုနှစ် နိုဝင်ဘာလနောက်ပိုင်း အမြင့်ဆုံးအဆင့်သို့ ရောက်ရှိသွားခဲ့ပြီး ရလဒ်အနေဖြင့် ဈေးကွက်မတည်ငြိမ်မှုများ တိုးခဲ့ကြောင်း၊ ICO ပေါင်းစပ်ညွှန်းကိန်း၏ လစဉ်ပျမ်းမျှသည် (၂၀၂၁) ခုနှစ် ဇူလိုင်လတွင် တစ်ပေါင်လျှင် အမေရိကန် ဆင့်(၁၅၂.၂၄) ဆင့်သို့ ရောက်ရှိခဲ့ပြီး ကော်ဖီအုပ်စု(၄)ခုလုံး၏ ဈေးနှုန်း များသည် သိသိသာသာ မြင့်တက်ခဲ့ပါကြောင်း၊
- ကော်ဖီအဓိကထုတ်လုပ်သည့် နိုင်ငံများတွင် ရာသီဥတုဆိုးရွားမှုနှင့် အာရှတွင် ကုန်စည် ပို့ဆောင်ခများတိုးမြင့်လာခြင်းကြောင့် ကိုဗစ်-၁၉ ပိတ်ဆို့ကန့်သတ်မှုများနှင့်အတူ ကုန်သွယ်မှုစီးဆင်းမှုကို အနှောင့်အယှက်ဖြစ်စေမှုများကြောင့် ရောင်းလိုအားအပေါ် စိုးရိမ်မှုများဖြစ်ပေါ်စေပြီး ဩဂုတ်လတွင် ကော်ဖီဈေးနှုန်းများ (၁၀)လဆက်တိုက် မြင့်တက်ခဲ့ပါကြောင်း၊ ICO ပေါင်းစပ်ညွှန်းကိန်း၏ လစဉ်ပျမ်းမျှနှုန်းသည် (၂၀၂၁) ခုနှစ် ဩဂုတ်လ တွင် တစ်ပေါင်လျှင် အမေရိကန်ဆင့် (၁၆၀.၁၄) ဆင့်ရှိခဲ့ပြီး ရောက်ရှိခဲ့သည့် အဆင့်သည် လက်ရှိ ကော်ဖီနှစ်စတင်ချိန်မှစ၍ (၅၁.၃)% တိုးလာခဲ့ခြင်းဖြစ်ကြောင်း၊
- စက်တင်ဘာလတွင် ICO ပေါင်းစပ်ညွှန်းကိန်း လစဉ်ပျမ်းမျှဈေးနှုန်းသည် တစ်ပေါင်လျှင် အမေရိကန်ဆင့် (၁၇၀.၀၂)ဆင့်ရှိခဲ့သောကြောင့် ကော်ဖီ ဈေးနှုန်းများသည် စံချိန်တင်အမြင့်ဆုံးသို့ ရောက်ရှိခဲ့ပြီး ကော်ဖီဈေးကွက်သည် ဘရာဇီးတွင် ရာသီဥတုနှင့် အာရှတွင် ကုန်သွယ်မှုကို ထိခိုက်စေသော ကိုဗစ်နှင့် ဆက်နွှယ်သော အနှောက်အယှက်များကြောင့် ဆက်လက်တွန်းအား ပေးနေခဲ့ခြင်းဖြစ်ကြောင်း၊
- အောက်တိုဘာလတွင် ကော်ဖီဈေးနှုန်းများသည် အမြင့်ဆုံးသို့ ရောက်ရှိခဲ့ပြီး ICO ပေါင်းစပ်ညွှန်းကိန်း လစဉ်ပျမ်းမျှဈေးနှုန်းသည် တစ်ပေါင်လျှင် အမေရိကန်ဆင့် (၁၈၁.၅၇)ဆင့် ရှိခဲ့ကြောင်း၊
- နိုဝင်ဘာလတွင်ကော်ဖီဈေးနှုန်းများသည် အမြင့်ဆုံးသို့ ရောက်ရှိကာ ICO ပေါင်းစပ်ညွှန်ကိန်း လစဉ်ပျမ်းမျှဈေးနှုန်းသည် တစ်ပေါင်လျှင် အမေရိကန်ဆင့် (၁၉၅.၅၁၇)ဆင့်ရှိခဲ့ပြီး (၂၀၂၁) ခုနှစ် အောက်တိုဘာလတွင် ကော်ဖီမျိုးစုံတင်ပို့မှု စုစုပေါင်း အိတ်ပေါင်း (၉.၆၈) သန်းရှိခဲ့ပါသည်။

**ဒေါ်ကေရီဝင်း၊ စိုက်ပျိုးရေးဦးစီးဌာန**

Source: https://www.ico.org/International Coffee Organization

## ကမ္ဘာလုံးဆိုင်ရာ ဓာတ်မြေဩဇာ ကုန်ကျစရိတ်မြင့်မားမှုကြောင့် (၂၀၂၂) ခုနှစ်တွင် စိုက်ပျိုးသူများသည် ခက်ခဲသော ရွေးချယ်မှုများနှင့် ရင်ဆိုင်ရမည်ဖြစ်ခြင်း

- (၂၀၂၀)ခုနှစ်ထက် ကမ္ဘာလုံးဆိုင်ရာ ဓာတ်မြေဩဇာ ဈေးနှုန်းများ ၂ဆ/၃ဆ မြင့်တက်လာမှုနှင့်အတူ စားသုံးသူများသည် ကဏ္ဍာတော်တော်များများတွင် ကုန်ဈေးနှုန်းမြင့်တက်မှုများနှင့် ရင်ဆိုင်နေကြရကြောင်း၊
- အမေရိကန်၊ စိုက်ပျိုးရေးဌာနမှ လက်လီဓာတ်မြေဩဇာဈေးနှုန်းများကို လေ့လာသုံးသပ်ချက်အရ (၂၀၂၀)ခုနှစ်၊ ဒီဇင်ဘာလနှင့် (၂၀၂၁)ခုနှစ်၊ နိုဝင်ဘာလတို့၏ ဓါတ်မြေဩဇာဈေးနှုန်းများမှာ တစ် တန်လျှင်ဖော့စဖော့ရပ်ဓါတ်မြေဩဇာ (ကမ္ဘာ့အများဆုံး အသုံးပြုလျက်ရှိသော ဒိုင်အမိုနီယမ်ဖော့စဖိတ်)သည် ဒေါ်လာ(၄၈၀)အောက်မှ (၈၃၆)ဒေါ်လာခန့်၊ ပို တက်ရှ်ဓါတ်မြေဩဇာသည် ဒေါ်လာ(၃၅၀)မှ (၇၅၈)၊ ယူရီးယားဓါတ်မြေဩဇာသည် ဒေါ်လာ(၃၆၀)မှ (၉၁၅) ထိ ရောက်ရှိခဲ့ကြောင်း၊
- အပြည်ပြည်ဆိုင်ရာ ဓါတ်မြေဩဇာအဖွဲ့အစည်းမှ (၂၀၂၀)ခုနှစ် အစောပိုင်းကာလများတွင် ကိုဗစ် ၁၉ ကပ်ရောဂါပျံ့နှံ့မှုကြောင့် စိုက်ပျိုးရေးဆိုင်ရာ ထုတ်ကုန်များနှင့် ဓါတ်မြေဩဇာဝယ်လိုအားများ သိသိသာသာကျဆင်းလာနိုင်မည်ဟုခန့်မှန်းထားကြောင်း၊
- နိုက်ထရိုဂျင်ဓါတ်မြေဩဇာ ထုတ်လုပ်ရာတွင် အများဆုံးအသုံးပြုသော သဘာဝဓါတ်ငွေ့ဈေး နှုန်းများမြင့်တက်လာခြင်းနှင့် တရုတ်အပါအဝင် ဓာတ်မြေဩဇာထုတ်လုပ်သည့်နိုင်ငံအချို့မှ ဓာတ်မြေဩဇာ တင်ပို့မှုအားလုံးကို ရပ်ဆိုင်းတော့မည်ဖြစ်ကြောင်း ကြေငြာချက်ထုတ်ပြန်ခဲ့သောကြောင့် ဓါတ်မြေဩဇာ ဈေးနှုန်းများ မြင့်တက်ခြင်းဖြစ်ကြောင်း၊
- အမေရိကန်ထုတ်လုပ်သူတစ်ဦးမှ ယူရီးယားတစ်တန်လျှင် ကန်ဒေါ်လာ(၆၅၀)နှင့် ထုတ်လုပ်နိုင်မည်ဆိုသော်လည်း ကမ္ဘာ့ဈေးကွက်မှ ယူရီးယားတစ်တန်လျှင် ကန်ဒေါ်လာ (၉၀၀)နှင့် အရောင်းအဝယ် ဖြစ်ပါက ၎င်းဈေးသည် ဈေးကွက်အတွက် ပေါက်ဈေးပင်ဖြစ်လာခဲ့ကြောင်း၊ စိုက်ပျိုးရေးဌာနခွဲမှ တိုးချဲ့စိုက်ပျိုးရေး ဘောဂဗေဒပညာရှင် Scott Stiles မှ လာမည့်နှစ်တွင် လယ်ယာထွက်ကုန်များ၏ ကုန်ကျစရိတ်လွန်လွန်ကဲကဲ ဖြစ်နိုင်သည်ဟုဆိုကြောင်း
- (၂၀၂၂) ခုနှစ်သည် ကုန်ကျစရိတ်များ ဈေးအကြီးဆုံးနှစ်ဖြစ်လာနိုင်ဖွယ်ရှိပြီး၊ နိုက်ထရိုဂျင်ဓာတ် ကုန်ကျစရိတ်အမြင့်ဆုံးနှင့် ကောက်ပဲသီးနှံများကို ထိခိုက်မှုအများဆုံးနှစ် ဖြစ်သည်ဟု မြင်ကြောင်း၊
- ယခုနှစ်တွင် ဓါတ်မြေဩဇာ ဈေးနှုန်းများ မြင့်တက်နေသောကြောင့် ဓါတ်မြေဩဇာ လျော့နည်း အသုံးပြုခြင်းသည် နှစ်စဉ်လိုအပ်နေသည် မဟုတ်သော်လည်း တွေ့ကြုံရမည့်အခက်အခဲများကို ဖြေရှင်းနိုင်သည့်အရာဖြစ်ကြောင်း (၂၉.၁၂.၂၀၂၁)တွင် ထုတ်ပြန်ခဲ့သော Guardonline.comကွန်ယက်၏ သတင်းဆောင်းပါးအရသိရှိရပါသည်။

**ဒေါ်စိုးစန္ဒာအောင်၊ စိုက်ပျိုးရေးဦးစီးဌာန**

Source: https://www.guardonline.com/news/high-global-fertilizer-costs-leave-growers-facing-tough-choices-in-2022/article_d1f760a0-67b4-58f8-a999-fce202ae9bb2.html

## မြန်မာနိုင်ငံသည် တရုတ်နိုင်ငံသို့ နှစ်စဉ် ပိုးချည်အိမ်တန်ချိန်(၃၀၀) တင်ပို့လျက်ရှိခြင်း

- ပုဂ္ဂလိကကုမ္ပဏီများသည် တရုတ်နိုင်ငံသို့ နှစ်စဉ် ပိုးချည်အိမ်တန်ချိန်(၃၀၀)ခန့် တင်ပို့လျက်ရှိပြီး ပိုးမွေးတောင်သူများကို ဝင်ငွေတိုးစေပြီး နိုင်ငံခြား ဝင်ငွေရရှိစေသည်ဟု ပြင်ဦးလွင်မြို့နယ် ပိုးမွေးမြူရေး

စင်တာလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိုးမိုးဝင်း၏ ပြောကြားချက်အရသိရှိရပါကြောင်း၊

❖ ပိုးစာပင်သည် နှစ်ရှည်ပင်ဖြစ်ပြီး သက်ဆိုင်ရာဌာနမှ ပိုးကောင်များကို စနစ်တကျ မွေးမြူနည်းနှင့် ပိုးချည်ထုတ်လုပ်နည်းကို စိုက်ပျိုးသူများ သိရှိလာစေရန် ပိုးမွေးမြူရေးသင်တန်းများပို့ချပေးလျက်ရှိပြီး ပိုးချည်အိမ်တင်ပို့မှုသည် ပုဂ္ဂလိကကဏ္ဍ၊ ပိုးမွေးမြူသည့်တောင်သူများ၏ဝင်ငွေနှင့် နိုင်ငံခြားဝင်ငွေတိုးမြင့်လာစေရန် ရည်ရွယ်ပါကြောင်း၊ ပိုးချည်အိမ်သည် တစ်ပိဿာလျှင် ငွေကျပ်(၁၀၀၀၀)ခန့်ရှိကြောင်း (တစ်ပိဿာ (၁.၆) ကီလို ဂရမ်နှင့် ညီမျှသည်)

❖ ပိုးအိမ်ကို ပြည်တွင်းပိုးထည်စက်ရုံများသို့ပို့ပြီး ပိုးချည်များကို လေလံစနစ်နှင့် ရောင်းချလျက်ရှိပြီး မြန်မာကုမ္ပဏီများသည် ပိုးအိမ်အခြောက်များကို တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိကြောင်း၊ အစောပိုင်းဒီဇင်ဘာလတွင် ပိုးချည်အိမ်ကို တရုတ်နိုင်ငံသို့ (၂)ကြိမ်/(၃)ကြိမ် တင်ပို့ခဲ့ကြောင်း၊ ယခုနှစ်တွင် COVID-19 ကာကွယ်တားဆီးရေးအစီအမံများကြောင့် ကုန်သွယ်မှုများ ရပ်ဆိုင်းခဲ့ကြောင်း၊

❖ မြန်မာနိုင်ငံအပြင် တရုတ်၊ အိန္ဒိယ၊ ဗီယက်နမ်၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ ကိုရီးယား သမ္မတ နိုင်ငံနှင့် ဂျပန်နိုင်ငံတို့တွင်လည်း ပိုးမွေးမြူရေးကို တွေ့ရှိမှုများကြောင်း (၁.၁.၂၀၂၁) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော The Global New Light of Myanmar ကွန်ယက်၏ သတင်းဆောင်းပါးအရ သိရှိရပါသည်။

**ဒေါ်ဇေရီဝင်း၊ စိုက်ပျိုးရေးဦးစီးဌာန**

Source: https://www.gnlm.com.mm/myanmar-ships-300-tonnes-of-silkworm-cocoon-to-china-yearly

## အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံမှ ပဲအမျိုးအစား(၃)မျိုးအတွက် အခွန်ကင်းလွတ်ခွင့်နှင့်စပ်လျဉ်း၍ သွင်းကုန်မူဝါဒ သက်တမ်းတိုးခြင်း

❖ မြန်မာနိုင်ငံ၏ တင်သွင်းလျက်ရှိသော ပဲအမျိုးအစား (၃)မျိုးအတွက် အခွန်ကင်းလွတ်ခွင့်နှင့်စပ်လျဉ်း၍ သွင်းကုန်မူဝါဒသက်တမ်းသည် လာမည့်(၂၀၂၂)ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း ယခုအခါ မြန်မာနိုင်ငံမှ ပဲတီစိမ်း၊ ပဲစဉ်းငုံနှင့် မတ်ပဲတင်သွင်းမှုကို (၂၀၂၂)ခုနှစ်၊ မတ်လ (၃၁) ရက်နေ့အထိ သက်တမ်း တိုးမြှင့်လိုက်ကြောင်း အိန္ဒိယနိုင်ငံ၏ စီးပွားရေး၊ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်အရ သိရှိရပါကြောင်း၊

❖ ကုန်းကြောင်းဆိုင်ရာဥပဒေကြမ်းပါ ကုန်ပစ္စည်းများတင်သွင်းခွင့်ကို (၂၀၂၂)ခုနှစ်မတ်လ (၃၁)ရက် နေ့တွင် ထုတ်ပြန်မည်ဖြစ်ပြီး တင်သွင်းကုန်များ၏ အကောက်ခွန်ဆိုင်ရာ ကုန်စည်ရှင်းလင်းရေးလုပ်ငန်းစဉ်များကိုလည်း ဇွန်လ(၃၀)ရက်နေ့ နောက်ဆုံးထားပြီး အပြီးသတ်ဆောင်ရွက်သင့်ကြောင်း ၎င်းဝန်ကြီးဌာနမှအသိပေးထားပါကြောင်း၊

❖ မတ်ပဲတန်ချိန်ပေါင်း(၂၅၀,၀၀၀)သိန်းနှင့် ပဲစဉ်းငုံတန်ချိန်ပေါင်း(၁၀၀,၀၀၀)တန် အပါအဝင် မြန်မာနိုင်ငံ၏ ပဲမျိုးစုံတန်ချိန်စုစုပေါင်း (၃၅၀,၀၀၀)တန် တင်ပို့နိုင်ရေးအတွက် နှစ်နိုင်ငံနားလည်မှုစာချွန်လွှာကို ယခင်နှစ် ဇွန်လ(၁၈) ရက်နေ့တွင် လက်မှတ်ထိုးခဲ့ကြပြီး (၂၀၂၁-၂၂ ဘဏ္ဍာနှစ်မှ ၂၀၂၆-၂၇ ဘဏ္ဍာနှစ်)အထိ အိန္ဒိယနိုင်ငံသို့ ပဲတင်ပို့မည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရပါကြောင်း၊

❖ ပြည်တွင်းမတ်ပဲတစ်တန်လျှင် (၁,၂,၈၅,၀၀၀) ကျပ်ခန့်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (ဘုရင့်နောင်ကုန်စည်ဒိုင်)မှ သိရပါကြောင်း၊ လွန်ခဲ့သည့် စက်တင်ဘာလအတွင်း နိုင်ငံခြားငွေလဲလှယ်နှုန်း သိသိသာသာ မြင့်တက်လာမှုကြောင့် ပြည်တွင်းဈေးကွက်တွင် စံချိန်တင်အမြင့်ဆုံးအနေဖြင့် တစ်တန်လျှင် ငွေကျပ် (၂၀)သိန်းသို့ရောက်ရှိခဲ့ကြောင်း၊

❖ (၂၀၂၁-၂၂)(အောက်တိုဘာလ ၁ရက်နေ့မှ နိုဝင်ဘာလ ၁၉ရက်နေ့အထိ)တွင် ပဲမျိုးစုံတန်ချိန်ပေါင်း (၁၆၉,၈၂၇)တန်ကျော် ပြည်ပ ဈေးကွက်သို့ တင်ပို့ခဲ့ပြီးခန့်မှန်းတန်ဖိုးမှာအမေရိကန်ဒေါ်လာ (၁၄၄.၀၀၄) သန်းရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အချက်အလက်များအရ သိရှိရပါကြောင်း၊

❖ (၂၀၂၁-၂၂)တွင် မြန်မာ့ပင်လယ်ရေကြောင်းလမ်းမှ ပြည်ပဈေးကွက်များသို့ အမေရိကန်ဒေါ်လာ (၁၃၅.၅၅) သန်းတန်ဖိုးရှိသော ပဲမျိုးစုံတန်ချိန် ပေါင်း (၁၆၀,၇၉၂.၅)တန်တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ (၈.၄၆)သန်းတန်ဖိုးရှိသော တန်ချိန်(၉,၀၃၈၄.၈) တန်ကို ကုန်းကြောင်းနယ်စပ်များမှတစ်ဆင့် အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့ ခဲ့ပါကြောင်း၊

❖ မြန်မာနိုင်ငံသည် လွန်ခဲ့သည့်(၂၀၂၀-၂၁)ဘဏ္ဍာရေးနှစ်တွင် ပြည်ပကုန်သွယ်ရေး စီးပွားဖက်များထံသို့ အမေရိကန်ဒေါ်လာ (၁.၅၇)ဘီလီယံတန်ဖိုးရှိသော ပဲမျိုးစုံတန်ချိန် (၂)သန်းကျော် တင်ပို့ခဲ့ပြီး မြန်မာ့ပင်လယ်ရေကြောင်းလမ်းမှ အမေရိကန်ဒေါ်လာ (၉၆၆.၄)သန်းရှိ ပဲမျိုးစုံတန်ချိန်ပေါင်း (၁.၂၄)သန်း တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ (၆၀၄.၃)သန်းတန်ဖိုးရှိသော ပဲမျိုးစုံတန်ချိန်ပေါင်း (၇၈၆,၉၂၀)တန်ကို အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့နိုင်ခဲ့ပါကြောင်း၊

❖ မြန်မာနိုင်ငံတွင် မတ်ပဲစိုက်ခင်းများမှ နှစ်စဉ်တန်ချိန်ပေါင်း(၄၀၀,၀၀၀)ခန့် အထွက်နှုန်းရှိပြီး ပဲစဉ်းငုံတန်ချိန်ပေါင်း (၅၀,၀၀၀)ခန့်ထွက်ရှိကာ အိန္ဒိယသို့ အဓိကတင်ပို့လျက်ရှိပြီး အိန္ဒိယမှ ဝယ်လိုအားများခြင်းကြောင့် မြန်မာနိုင်ငံသည် မတ်ပဲထုတ်လုပ်မှုအများဆုံးနိုင်ငံဖြစ်ပြီး ပဲစဉ်းငုံ၊ ကုလားပဲစိမ်းနှင့် ပဲဝါစသည့် အခြားပဲများကို မြန်မာနိုင်ငံအပြင် ဩစတြေးလျနှင့် အာဖရိကတွင်လည်း စိုက်ပျိုးကြောင်း၎င်းအဖွဲ့အစည်းမှသိရှိရကြောင်း (၄.၁.၂၀၂၂) ရက်တွင် ထုတ်ပြန်ခဲ့သောTheGlobal new light of Myanmar ကွန်ယက်၏ သတင်းဆောင်းပါးအရ သိရှိရပါသည်။

**ဒေါ်မြတ်ဖူးငုံဦး၊ စိုက်ပျိုးရေးဦးစီးဌာန**

Source: https://www.gnlm.com.mm/india-extends-free-import-deadlines-for-three-myanmar-pulses/

## ခတ်မြေဩဇာကုန်ကျစရိတ်များသည် အထွက်နှုန်းကို ကန့်သတ်ထားခြင်းကြောင့် စားအုန်းဆီဈေးနှုန်းများ မြင့်တက်နေခြင်း

❖ ခတ်မြေဩဇာကုန်ကျစရိတ်များ မြင့်တက်လာခြင်းနှင့် ကာလကြာရှည် လုပ်သား ရှားပါးခြင်းတို့ကြောင့် ထုတ်လုပ်မှုအကျပ်အတည်းများ ဖြစ်ပေါ်လျက်ရှိပြီး လာမည့်နှစ်တွင် စားအုန်းဆီဈေးနှုန်းများ ဆက်လက်မြင့်မားနေမည်ဟုခန့်မှန်းထားကြောင်း စားအုန်းဆီထုတ်လုပ်သည့်နိုင်ငံများ ကောင်စီ (CPOPC)မှ (၃၀.၁၂.၂၀၂၁) ရက်နေ့တွင် ထုတ်ပြန်ထားကြောင်း၊

❖ (၂၀၁၈)ခုနှစ်နှင့် (၂၀၁၉)ခုနှစ်များတွင် တောင်သူများ ခတ်မြေဩဇာအသုံးပြုမှု လျှော့ချပြီးနောက် အထွက်နှုန်းနှေးကွေးခြင်းနှင့် ရင်ဆိုင်နေရသည့် အဆိုပါကဏ္ဍသည် လာမည့်နှစ်တွင်လည်း သွင်းအားစုများ ထည့်သွင်းမှု လျော့နည်းလာနိုင်ကြောင်း၊

❖ နိုက်ထရိုဂျင်နှင့် ဖော့စဖိတ်ဈေးနှုန်းများသည် (၂၀၂၁) ခုနှစ်နှစ်လယ်မှစ၍ (၅၀)ရာခိုင်နှုန်းမှ(၈၀) ရာခိုင်နှုန်း မြင့်တက်သွားသောကြောင့် လုပ်ကွက်ငယ်တောင်သူများသည် သွင်းအားစုများကို လျှော့ချရန် မျှော်မှန်းထားကြောင်း(CPOPC)မှ ပြောကြားခဲ့ပါကြောင်း၊

❖ ရလဒ်အနေဖြင့် အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့သည် (၂၀၂၂)ခုနှစ်တွင် အထွက်နှုန်း လျော့နည်းကြောင်းသိရှိရကြောင်း၊ (၂)နိုင်ငံ၏ ရောင်းလိုအားသည် ကမ္ဘာ့စားအုန်းဆီ ရောင်းလိုအား၏ (၈၅) ရာခိုင်နှုန်းခန့်ရှိပါကြောင်း၊

❖ ရောင်းလိုအားကျပ်တည်းခြင်းသည် စာချုပ်တွင် တစ်တန်လျှင် ရင်းဂစ် ၅၂၂၀ (ဒေါ်လာ ၁,၂၅၂.၂၅)ဖြင့် စံချိန်တင်မြင့်မားသည့် စားအုန်းဆီကြိုရောင်း ကြိုဝယ်ဈေးနှုန်းများကို ယခုနှစ်တွင် (၃၁)ရာခိုင်နှုန်းအထိ မြင့်တက်စေခဲ့ပါကြောင်း၊

❖ စားအုန်းဆီထုတ်လုပ်မှုအလားအလာသည် အကန့်အသတ်ဖြင့် အဟန့်အတားရှိနေမည်ဖြစ်ပြီး တစ်တန်လျှင် ဒေါ်လာ(၁၀၀၀)နှုန်းဖြင့် ဆက်လက်အရောင်းအဝယ်ဖြစ်နိုင်ဖွယ်ရှိကြောင်း CPOPC မှ ထုတ်ပြန်ခဲ့ပါကြောင်း၊

❖ တရုတ်နိုင်ငံ၏ စားအုန်းဆီတင်သွင်းမှုသည် စီးပွားရေးပြန်လည်ဦးမော့လာမှုကြောင့် (၂၀၂၁-၂၂) ခုနှစ်တွင် တန်ချိန်(၆.၈)သန်းရှိရာမှ (၂၀၂၁-၂၂)ခုနှစ်တွင် တန်ချိန်(၇.၂)သန်းအထိ တိုးလာမည်ဟု ၎င်းကောင်စီမှ ခန့်မှန်းထားပါကြောင်း၊

❖ အိန္ဒိယမှ တင်သွင်းမှုသည် (၂၀၂၁-၂၂)ခုနှစ်တွင် တန်ချိန်(၈.၆)သန်းရှိမည်ဟု ခန့်မှန်းထားပြီး (၂၀၂၀-၂၁)ခုနှစ်တွင် တန်ချိန်(၈.၅)သန်းမှ မြင့်တက်လာပါကြောင်း၊ ဥရောပသမဂ္ဂ၏ တင်သွင်းမှုသည် (၂၀၂၀-၂၁)ခုနှစ်တွင် တန်ချိန်(၆.၂)သန်းမှ (၆.၉)သန်း

အထိ တိုးလာမည်ဟု ခန့်မှန်းထားပါကြောင်း၊ သို့သော် CPOPC မှ Omicron ကိုရိုနာဗိုင်းရပ်မျိုးကွဲသည် ဝယ်လိုအား ပြန်လည်ကောင်းမွန်လာမှု အပေါ်သက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်ကြောင်း သတိပေးခဲ့ပါကြောင်း(၃၀.၁၂.၂၀၂၁)တွင် ထုတ်ပြန်ခဲ့သော Ruter ကွန်ယက်၏ သတင်းအချက်အလက်များအရ သိရှိရပါသည်။

**ဦးဖုန်းမြတ်ဝင်းမောင်မောင်၊ စိုက်ပျိုးရေးဦးစီးဌာန**

Source: https://www.gnlm.com.mm/tea-leaves-from-homalin-fetches-handsome-price

## ငှက်ပျောအမျှင်ကို အသုံးပြု၍ တန်ဖိုးမြှင့် ထုတ်ကုန်များကို ကချင်ပြည်နယ်တွင် ထုတ်လုပ်မည်ဖြစ်ကြောင်း

- ♣ ကချင်ပြည်နယ် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှ ငှက်ပျောအမျှင်ဖြင့် တစ်ကိုယ်ရေသုံးကုန်ပစ္စည်းများကဲ့သို့ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရန် နည်းပညာများ ဖြန့်ဝေပံ့ပိုးပေးမည်ဖြစ်ကြောင်း ယင်းဌာနထံမှ သိရှိရပါကြောင်း၊
- ♣ ငှက်ပျောရွက်၏ ပင်စည်နှင့် အမြစ်များသည် အသုံးဝင်သည့်အတွက် စွန့်ပစ်ရန်မလိုကြောင်း၊ ငှက်ပျောမှရရှိသောပစ္စည်းများကို ပန်းချီနှင့် ပန်းထိုးခြင်းဖြင့် ယခုအခါ အရည်အသွေးမြင့် အမှတ်တရပစ္စည်းများအဖြစ် စီမံဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း၊ တန်ဖိုးမြှင့်ထုတ် ကုန်များ ထုတ်လုပ်နိုင်ရန်အတွက် လုပ်ငန်းရှင်များလိုအပ်သော နည်းပညာများ၊ အကူအညီများကို အချိန်မရွေးပေးရန် အသင့်ရှိပါကြောင်း ကချင်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဦးအောင်မောင်း ၏ ပြောကြားချက်အရ သိရှိရပါကြောင်း၊
- ♣ ငှက်ပျောအမျှင်များကို ငှက်ပျောချည်၊ စားပွဲခင်း၊ ရှူခင်းပန်းချီ၊ ထီးနှင့် အမျိုးမျိုးသော ထုပ်ပိုးမှုများကဲ့သို့ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရာတွင် အသုံးပြုနိုင်ကြောင်း၊
- ♣ ကချင်ပြည်နယ်ရှိ မိုးညှင်း၊ ဗန်းမော်နှင့် မြစ်ကြီးနားခရိုင်များတွင် တစ်သျှူးငှက်ပျော စိုက်ဧကတစ်သိန်းခန့်ရှိပြီး ဒေသခံများအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ကြောင်း၊
- ♣ တစ်သျှူးငှက်ပျောစိုက်ပျိုးမှု ကျယ်ပြန့်လာခြင်းကြောင့် ဒေသတွင်း စုစုပေါင်းပြည်တွင်း ထုတ်ကုန်သည် နိုင်ငံခြားဝင်ငွေ တိုးလာပါကြောင်း (၇.၁.၂၀၂၂)ရက်တွင်ထုတ်ပြန်ခဲ့သော The Global New Light of Myanmar ကွန်ယက်၏ သတင်းဆောင်းပါးအရ သိရှိရပါသည်။

**ဒေါ်ဟေမာန်အောင်မင်း၊ စိုက်ပျိုးရေးဦးစီးဌာန**

Source: https://www.gnlm.com.mm/value-added-products-using-banana-fibre-to-be-produced-in-kachin-state/

## (၂၀၂၂)ခုနှစ်တွင် ဥရောပဟင်းသီးဟင်းရွက်ဆီ ဈေးကွက်တွင် ထုတ်လုပ်မှု ပြန်လည်ကောင်းမွန်လာရန်မျှော်မှန်းထားခြင်း

- ○ ပထမနှစ်ဝက်တွင် တောင်သူများမျိုးစေ့များအတိုင်း သိုလှောင်ထားရှိမှုကြောင့် (၂၀၂၂) ခုနှစ်တွင် Black Sea နေကြာဆီဈေးကွက်သည် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသော်လည်း စံချိန်တင် နေကြာဆီထုတ်လုပ်နိုင်ရန် မျှော်မှန်းနေကြကြောင်း၊
- ○ ကမ္ဘာ့အဓိကတင်သွင်းသည့် အိန္ဒိယနိုင်ငံသည် (၂၀၂၁-၂၂) ဈေးကွက်နှစ်တွင် ၎င်းတို့၏ ဟင်းသီးဟင်းရွက်ဆီတင်ပို့မှု မက်ထရစ်တန်ချိန်(၁၄)သန်းအထိ တိုးမြှင့်တင်သွင်းနိုင်ရန်စီစဉ်ထားကြောင်း၊
- ○ သွင်းကုန်အခွန်များ ဖြတ်တောက်လျှော့ချခြင်းနှင့် ကမ္ဘာ့ထုတ်လုပ်မှု မြင့်တက်လာခြင်းကြောင့် နေကြာဆီတင်သွင်းမှုကို (၂၀၂၀-၂၁)ခုနှစ်တွင် မက်ထရစ်တန်ချိန်(၁.၈၈)သန်းတင်သွင်းခဲ့ရာမှ (၂၀၂၁-၂၂)ခုနှစ်တွင် မက်ထရစ်တန်ချိန်ပေါင်း (၂.၄)သန်းအထိမြင့်တက်လာရန်မျှော်မှန်းထားပြီး အိန္ဒိယနိုင်ငံသည် နိုင်ငံတကာဈေးနှုန်းများမြင့်တက်မှုကို တိုက်ဖျက်ရန် (၂၀၂၁)ခုနှစ်အတွင်းစားသုံးဆီများတင်သွင်းခွန်ကို အကြိမ်ကြိမ် လျှော့ချခဲ့ပါကြောင်း၊
- ○ ပင်လယ်နက်ဒေသတွင် ပူပြင်းခြောက်သွေ့သောရာသီဥတုသည် ခန့်မှန်းအထွက်နှုန်း ကျဆင်းစေမည်ဟု မျှော်မှန်းထားသောကြောင့် ဈေးကွက်တွင် ဝယ်လိုအား လျော့နည်းမည် ဖြစ်သဖြင့် ယူကရိန်းရှိ ဆီထွက်နေကြာရိတ်သိမ်းမှုကနဦးခန့်မှန်းချက်မှာ အလားအလာမကောင်းပါကြောင်း၊
- ○ (၂၀၂၁-၂၂)ခုနှစ်တွင် ယူကရိန်း၌ နေကြာဆီ တန်ချိန်ပေါင်း (၇.၁)သန်း ထုတ်လုပ်ရန် မျှော်မှန်းထားကြပြီး (၂၀၂၀-၂၂)ခုနှစ်ထက် (၂၃)% ပိုမိုထုတ်လုပ်နိုင်ရန် ခန့်မှန်းထားပါကြောင်း၊
- ○ ဥရောပစားအုန်းဆီကုန်ကြမ်းဈေးကွက်ရှိ ဈေးနှုန်းများမှာ တစ်တန်လျှင် အမေရိကန် ဒေါ်လာ (၁၀၄၅) ဒေါ်လာမှစံချိန်တင်အမြင့်ဆုံးအနေဖြင့် တစ်တန်လျှင် အမေရိကန်ဒေါ်လာ(၁၃၇၇.၅)ဒေါ်လာ မြင့်တက်သွားခဲ့သော်လည်း မလေးရှားတွင် မဖြေရှင်းရသေးသော ဆီအုန်းခြံလုပ်သားရှားပါးမှုနှင့် ပြိုင်ဘက်ထုတ်လုပ်သည့်နိုင်ငံအင်ဒိုနီးရှားတွင် ပေးဆောင်ရသော များပြားသောအခွန်အခများကြောင့် ပထမလပတ်ကုန်အထိ ဈေးနှုန်းများ လျော့နည်းနိုင်မည် မဟုတ်ကြောင်း ဈေးကွက်တွင်းပါဝင်လှုပ်ရှားသူများက ထုတ်ဖော်ပြောဆိုခဲ့ကြောင်း (၂၄.၁၂.၂၀၂၁) ရက်တွင် ထုတ်ပြန်ခဲ့သော S & P ကွန်ယက်၏ သတင်းဆောင်းပါးအရ သိရှိရပါသည်။

**ဒေါ်မြတ်ဖူးငုံဦး၊ စိုက်ပျိုးရေးဦးစီးဌာန**

Source: https://www.spglobal.com/platts/en/market-insights/latest-news/agriculture/122421-commodities-2022-european-vegetable-oil-markets-expecting-production-rebound

စိုက်ပျိုးရေး ဈေးကွက်သတင်းလွှာ

(Agriculture Market Bulletin) Market Information System စိုက်ပျိုးရေးဦးစီးဌာန

ရုံးအမှတ်(၄၃)၊ စိုက်ပျိုးရေးဦးစီးဌာန၊ နေပြည်တော်

*မှာယူမည်ဆိုပါက အမည်၊ လုပ်ငန်း/အဖွဲ့အစည်း၊ ဆက်သွယ်ရန် လိပ်စာတို့နှင့်အတူ ဈေးကွက်သတင်းအချက်အလက်စနစ်ဌာနစိတ်၊ စီမံကိန်းရေးဆွဲစိစစ်သုံးသပ်ရေးဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်သို့ ဆက်သွယ်မှာယူနိုင်ပါသည်။

ဖုန်း - ၀၆၇ ၃၄၁၀၅၃၈

Email: doamisppme@gmail.com